## ဓမ္မခန္ဓာ (၆၈) ကလေင်တံ (အလ်–ကလမ်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂)၊ သုတ်ဒေသနာ (၅၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّهِ الرَّحْمَـــنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁:၁]

| | |
|---|---|
| ၁။ | **ن وَالْقَلَمِ وَمَا يَسْطُرُونَ۞**<br>ကညစ်တံ၊[၁၀၄၃] ကလောင်တံ၊ ရေးသားကြသော အရာများအားဖြင့်။ |
| ၂။ | **مَا أَنتَ بِنِعْمَةِ رَبِّكَ بِمَجْنُونٍ۞**<br>သင့်ကရုဏာရှင်၏ ဂုဏ်ပေးခြင်းဖြင့်– သင်သည် ရူးသွပ်နေသူ မဟုတ်ချေ။[၁၀၄၄] |
| ၃။ | **وَإِنَّ لَكَ لَأَجْرًا غَيْرَ مَمْنُونٍ۞**<br>ဧကန်ပင် သင့်အတွက် မကုန်ခမ်းနိုင်သော အကျိုးဆုသည် ရှိစေလတ္တံ့။ |
| ၄။ | **وَإِنَّكَ لَعَلى خُلُقٍ عَظِيمٍ۞**<br>ဧကန်ပင် သင့်၌ ကြီးမြတ်သော စိတ်နေစိတ်ထား ရှိနေ၏။ |
| ၅။ | **فَسَتُبْصِرُ وَيُبْصِرُونَ۞**<br>သို့ဖြင့် သင်မြင်ရမည်မှာ– သူတို့လည်း မြင်ရမည်မှာ– |
| ၆။ | **بِأَييِّكُمُ الْمَفْتُونُ۞**<br>သင်တို့ကြား၌ မည်သူသည် ကျပ်မပြည့်သူဟု– ဖြစ်၏။ |
| ၇။ | **إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ۞**<br>ဧကန်ပင် ကံကြမ္မာရှင်၊ အရှင်သည် မည်သူက လမ်းစဉ်မှ လွဲချော်သည်ကို သိနေတော်မူ၏။ အရှင်သည် မည်သူက လမ်းညွှန်၌ ရှိနေသည်ကိုလည်း သိနေတော်မူ၏။ |

---

(၁၀၄၃) အာရ်ဗီ စကားလုံး **နွံ** သည် အတိုကောက် စကားလုံး မဟုတ်ချေ။ ထိုတစ်လုံးတည်း၏ အဓိပ္ပါယ်မှာ မှင်တို့၌ ရေးရသော ကရိယာ "ကညစ်တံ"ဟု ဖြစ်ပေသည်။ အစ္စလာမ် သာသနာဝင် မဟုတ်သော သာသနာပြုဆရာတော် ရော့ဒ်ဝဲလ်က သူ၏ ကုရ်အံဘာသာပြန်တွင် ဤစကားလုံးနှင့် ကုရ်အံတစ်အုပ်လုံးပါ အတိုကောက် အက္ခရာများ၏ အဓိပ္ပါယ်ပို မဟာမေဒင်များကိုယ်တိုင် အစ္စလာမ်သာသနာ၏ ပထမရာစု အထိ မသိခဲ့ဟု ရေးသားခြင်းမှာ လွန်စွာ မှားယွင်း စွပ်စွဲခြင်းသာ ဖြစ်ပေသည်။ အစ္စလာမ့်သမိုင်းတွင် ကုရ်အံအား အစ္စလာမ်သာသနာ၏ ပထမ ရာစု အတွင်း ဘာသာပြန်ဆိုရန် မလိုခဲ့ချေ။ ထိုစဉ်က အာရ်ဗီစကားပြော နိုင်ငံများတွင်သာ အစ္စလာမ် သာသနာကို စတင်လက်ခံနေသော ကာလ ဖြစ်ပေသည်။ ထို့နောက်ပိုင်း ရာစုများတွင်မှ အာရဗ်မဟုတ်သော လူမျိုးတို့ထံသို့ သာသနာပြန့်လာ၍– ထိုလူမျိုးများ နားလည်ရန် ကုရ်အံကို ဘာသာပြန်လာခဲ့ခြင်း ဖြစ်ပေသည်။ ဘာသာမပြန်သော မူရင်းစာအုပ်တွင် မူရင်းအတိုင်း ရှိနေခြင်းမှာ နားမလည်၍ ဖွင့်ဆိုမထားခြင်း ဖြစ်သည်ဟု ဆိုခြင်းမှာ ယုတ္တိဗေဒမဲ့သော စွပ်စွဲချက်သာ ဖြစ်ပေသည်။

(၁၀၄၄) မိရိုးဖလာ ယုံကြည်မှုတို့အား အမြစ်မှဆွဲနုတ်၍ ပကတိလူသားဝါဒကို ကြေငြာသော ကိုယ်တော်မုဟမ္မဒ်အား မိရိုးဖလာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကြီးမှာ "အရူး၊ အယူပျက်၊ သာသနာဖျက်၊"ဟု အကြီးအကျယ် ပုတ်ခတ်စွပ်စွဲခဲ့ပေသည်။ ထိုအချင်းအရာကို ဤသုတ်တော်က ချေဖျက်ထားခြင်း ဖြစ်ပေသည်။ ကိုယ်တော်သည် ကမ္ဘာ့ တော်လှန်ရေးခေါင်းဆောင်တိုင်း၏ စံပြ ခေါင်းဆောင်ပင် ဖြစ်သည်။ တော်လှန်ရေး ခေါင်းဆောင်တိုင်းသည် မိရိုးဖလာ အသိုင်းအဝိုင်းအကြီး၏ အမျိုးမျိုးသော ပုတ်ခတ်စွပ်စွဲခြင်းကို ခံရသည်ပင်၊ သို့ သော် တုန်လှုပ်ရန် မလိုချေ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၈။ | **فَلَا تُطِعِ الْمُكَذِّبِينَ۝**<br>မုသားဝါဒီများကို မနာခံလင့်။ |
| ၉။ | **وَدُّوا لَوْ تُدْهِنُ فَيُدْهِنُونَ۝**<br>သူတို့သည် သင့်ဘက်က အလျှော့ပေးစေလို၏၊ သူတို့ဘက်ကလည်း အလျှော့ပေးလိုကြ၏။ |
| ၁၀။ | **وَلَا تُطِعْ كُلَّ حَلَّافٍ مَّهِينٍ۝**<br>မုသားကျိန်ဆိုရန် ဝန်မလေးသူတို့အား မနာခံလင့်။ |
| ၁၁။ | **هَمَّازٍ مَّشَّاءٍ بِنَمِيمٍ۝**<br>သူသည်– ဂုဏ်သရေဖျက်သူ၊ လျှောက်၍ သွားပုပ်လေလွင့်ပြောသူ– |
| ၁၂။ | **مَنَّاعٍ لِّلْخَيْرِ مُعْتَدٍ أَثِيمٍ۝**<br>ကောင်းမှုကို ဟန့်တားသူ၊ စည်းဖျက်သူ၊ ပြစ်မှုပြုသူ– |
| ၁၃။ | **عُتُلٍّ بَعْدَ ذَٰلِكَ زَنِيمٍ۝**<br>မထီမဲ့မြင်ပြုသူ၊ ယင်းနောက် လောဘက်ဖက်သူ–ဖြစ်၏။ |
| ၁၄။<br>တပည့် | **أَن كَانَ ذَا مَالٍ وَبَنِينَ۝**<br>အကြောင်းမှာ–သူသည် ဥစ္စာပစ္စည်း **သားသမီး**များ ပိုင်ဆိုင်သောကြောင့် ဖြစ်၏။ |
| ၁၅။ | **إِذَا تُتْلَىٰ عَلَيْهِ آيَاتُنَا قَالَ أَسَاطِيرُ الْأَوَّلِينَ۝**<br>သူ့အား ငါအရှင်၏ သုတ်ဒေသနာများကို ရွတ်ဖတ်ပြသော အခါ၊ "ရှေးဦးသူတို့၏ ဒဏ္ဍာရီများသာတည်း၊"ဟု ဆို၏။ |
| ၁၆။ | **سَنَسِمُهُ عَلَى الْخُرْطُومِ۝**<br>ငါအရှင်သည် သူ့နှာခေါင်းဖျား၌ အမှတ်မှတ်တော်မူပြီ။ |
| ၁၇။ | **إِنَّا بَلَوْنَاهُمْ كَمَا بَلَوْنَا أَصْحَابَ الْجَنَّةِ إِذْ أَقْسَمُوا لَيَصْرِمُنَّهَا مُصْبِحِينَ۝**<br>ငါသည် သူတို့အား ဥယျာဉ် အဖော်တို့အား စုံစမ်းသကဲ့သို့ စုံစမ်းတော်မူ၏။ သူတို့သည် နံနက်သို့ရောက်လျှင် သစ်သီးများကို ခူးယူအံ့ဟု သံဓိဋ္ဌာန်ပြုသော်– |
| ၁၈။ | **وَلَا يَسْتَثْنُونَ۝**<br>ခြွင်းချက်သတ်မှတ်ထားခြင်း မရှိချေ။ |
| ၁၉။ | **فَطَافَ عَلَيْهَا طَائِفٌ مِّن رَّبِّكَ وَهُمْ نَائِمُونَ۝**<br>သူတို့ အိပ်မောကျနေစဉ်– ကံကြမ္မာရှင်၏ထံမှ လှည့်လည်ခြင်းသည် ထိုအပေါ်၌ လှည့်လည်ဆိုက်ရောက်တော့၏။ |
| ၂၀။ | **فَأَصْبَحَتْ كَالصَّرِيمِ۝**<br>သို့ဖြင့် ၎င်းသည် မဲပုပ် သုဉ်းအ သွားတော့၏။ |
| ၂၁။ | **فَتَنَادَوْا مُصْبِحِينَ۝**<br>နံနက်ပိုင်းတွင် နှိုးဆော်ကြသည်မှာ– |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၂၂။ | **أَنِ اغْدُوا عَلَى حَرْثِكُمْ إِن كُنتُمْ صَارِمِينَ۞**<br>"သင်တို့သည် သီးနှံခူးလိုကြလျှင်– ယာသို့ စောစော သွားကြစို့၊"ဟု ဖြစ်၏၊ |
| ၂၃။ | **فَانطَلَقُوا وَهُمْ يَتَخَافَتُونَ۞**<br>ထွက်ခွာလာကြစဉ်– လေသံတိုးတိုးဖြင့်– |
| ၂၄။ | **أَن لَّا يَدْخُلَنَّهَا الْيَوْمَ عَلَيْكُم مِّسْكِينٌ۞**<br>"ဤနေ့တွင် သင်တို့ထံသို့ မည်သည့် သူတောင်းစားမှ အဝင်မခံလင့်၊"ဟု ဆိုကြ၏။ |
| ၂၅။ | **وَغَدَوْا عَلَى حَرْدٍ قَادِرِينَ۞**<br>သူတို့သည် စောစောစီးစီး ကြပ်တည်းသူအား ပိတ်ဆို့ခြင်းဖြင့် စကြ၏။ |
| ၂၆။<br>ယာ | **فَلَمَّا رَأَوْهَا قَالُوا إِنَّا لَضَالُّونَ۞**<br>သို့သော် သူတို့သည် **၎င်း**ကို မြင်လိုက်ရသည်နှင့် ပြောကြသည်မှာ "ကျွန်ုပ်တို့ လွဲမှားကြလေပြီ၊– |
| ၂၇။ | **بَلْ نَحْنُ مَحْرُومُونَ۞**<br>–အမှန်မှာ ကျွန်ုပ်တို့သည် အကျိုးမဲ့ရချေပြီ၊"ဟု ဖြစ်၏။ |
| ၂၈။ | **قَالَ أَوْسَطُهُمْ أَلَمْ أَقُل لَّكُمْ لَوْلَا تُسَبِّحُونَ۞**<br>သူတို့အနက် သမာဓိရှိသူက "ကျွန်ုပ်တို့သည် ဦးထိပ်မထားသင့်သလောဟု ကျွန်ုပ် မပြောခဲ့သလော၊"ဟု ဆို၏။ |
| ၂၉။ | **قَالُوا سُبْحَانَ رَبِّنَا إِنَّا كُنَّا ظَالِمِينَ۞**<br>သူတို့က "ကံကြမ္မာရှင်အား ဦးထိပ်ထားပါပြီ၊ ကျွန်ုပ်တို့သည် အမိုက်ကောင်များ ဖြစ်ခဲ့၏၊"ဟု ဆိုကြ၍– |
| ၃၀။ | **فَأَقْبَلَ بَعْضُهُمْ عَلَى بَعْضٍ يَتَلَاوَمُونَ۞**<br>အချို့အပေါ် အချို့ သူ့ထက်သူ ဦးအောင် အပြစ်ဖို့ကြတော့၏။ |
| ၃၁။ | **قَالُوا يَا وَيْلَنَا إِنَّا كُنَّا طَاغِينَ۞**<br>သူတို့က ပြောကြသည်မှာ "ကျွန်ုပ်တို့နှယ် ပျက်စီးရလေခြင်း၊ ကျွန်ုပ်တို့သည် စည်းပျက်သူများ ဖြစ်ခဲ့၏။– |
| ၃၂။ | **عَسَى رَبُّنَا أَن يُبْدِلَنَا خَيْرًا مِّنْهَا إِنَّا إِلَى رَبِّنَا رَاغِبُونَ۞**<br>ကံကြမ္မာရှင်သည် ကျွန်ုပ်တို့အား ပို၍ကောင်းသည်နှင့် အစားပေးနိုင်၏၊ ကေန်ပင် ကျွန်ုပ်တို့သည် ကံကြမ္မာရှင်၏ ထံ၌ အသနားခံကြလတ္တံ့၊"ဟု ဖြစ်၏။ |
| ၃၃။ | **كَذَلِكَ الْعَذَابُ وَلَعَذَابُ الْآخِرَةِ أَكْبَرُ لَوْ كَانُوا يَعْلَمُونَ۞**<br>ဝဋ်ကြွေးဒဏ်သည် ယင်းသို့ ဖြစ်၏။ နောင်ဘဝ၏ ဝဋ်ကြွေးသည်ကား ပို၍ ကြီးမား၏။ သင်တို့ သိကြပါလေစ။ |
| ၃၄။ | **إِنَّ لِلْمُتَّقِينَ عِندَ رَبِّهِمْ جَنَّاتِ النَّعِيمِ۞**<br>ကေန်ပင် စည်းစောင့်သူတို့အတွက် ကံကြမ္မာရှင်၏ ထံတော်၌ ဂုဏ်ရှိသော ဉယျာဉ်သည် ရှိ၏။ |
| ၃၅။ | **أَفَنَجْعَلُ الْمُسْلِمِينَ كَالْمُجْرِمِينَ۞**<br>ငါသည် ငြိမ်းချမ်းရေးဝါဒီတို့အား ရာဇဝတ်ကောင်များကဲ့သို့ စီရင်လိမ့်မည်လော။ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၃၆။ | **مَا لَكُمْ كَيْفَ تَحْكُمُونَ ۝**<br>သင်တို့၏ ဓမ္မသတ်သည် မည်သို့ ဖြစ်ဘိသနည်း။ |
| ၃၇။ | **أَمْ لَكُمْ كِتَابٌ فِيهِ تَدْرُسُونَ ۝**<br>သို့တည်းမဟုတ် သင်တို့ လေ့လာဆည်းပူးဘို့ရာ ကျမ်းစာတစ်အုပ် ရှိသလော။ |
| ၃၈။ | **إِنَّ لَكُمْ فِيهِ لَمَا تَخَيَّرُونَ ۝**<br>ထိုရှိ သင်တို့ စိတ်ကြိုက်ထုတ်နှုတ်စရာများ ရှိနေသလော။[၁၀၄၅] |
| ၃၉။ | **أَمْ لَكُمْ أَيْمَانٌ عَلَيْنَا بَالِغَةٌ إِلَىٰ يَوْمِ الْقِيَامَةِ إِنَّ لَكُمْ لَمَا تَحْكُمُونَ ۝**<br>သို့တည်းမဟုတ် ရပ်တည်မြဲမြဲသည့် နေ့ကာလသို့ ဆိုက်ရောက်သည့်တိုင် သင်တို့ ဓမ္မသတ်ချမှတ်နိုင်သည်ဟု ငါ့ထံမှ ကတိပဋိဉာဉ်ကို သင်တို့ ရထားသလော။ |
| ၄၀။ | **سَلْهُمْ أَيُّهُم بِذَٰلِكَ زَعِيمٌ ۝**<br>ထိုမှ မည်သည့် အရာက အာမခံချက်ရှိသနည်းဟု သူတို့အား မေးလော့။ |
| ၄၁။ | **أَمْ لَهُمْ شُرَكَاءُ فَلْيَأْتُوا بِشُرَكَائِهِمْ إِن كَانُوا صَادِقِينَ ۝**<br>သို့မဟုတ် သူတို့၌ ရောပြွမ်းကိုးကွယ်ရာ ရှိသလော။ သူတို့သည် ဖြောင့်မှန်သူများ ဖြစ်လျှင် သူတို့၏ ရောပြွမ်းကိုးကွယ်ရာတို့ကို ပေးအပ်စေလော့။ |
| ၄၂။ | **يَوْمَ يُكْشَفُ عَن سَاقٍ وَيُدْعَوْنَ إِلَى السُّجُودِ فَلَا يَسْتَطِيعُونَ ۝**<br>ဖွင့်လှစ်ပေါ်ပြခံရသော နေ့ကာလ၌ ၎င်းတို့အား ဦးချနှာခံရန် ဖိတ်ခေါ်ခံရလတ္တံ့၊ သို့သော် ၎င်းတို့သည် မပြုစွမ်းနိုင်ကြချေ။ |
| ၄၃။ | **خَاشِعَةً أَبْصَارُهُمْ تَرْهَقُهُمْ ذِلَّةٌ وَقَدْ كَانُوا يُدْعَوْنَ إِلَى السُّجُودِ وَهُمْ سَالِمُونَ ۝**<br>မျက်လုံးများသည် ကြောက်ရွံ့တုန်လှုပ်လျက်၊ အသရေပျက်ခြင်းသည် သူတို့အား ဖိစီးလျက် ရှိ၏။ သူတို့သည် အေးအေးလူလူ ရှိစဉ်က သူတို့အား ဦးချရှိကျိုးရန် ဖိတ်ခေါ်ခြင်း ခံခဲ့ရပြီ။ |
| ၄၄။ | **فَذَرْنِي وَمَن يُكَذِّبُ بِهَٰذَا الْحَدِيثِ سَنَسْتَدْرِجُهُم مِّنْ حَيْثُ لَا يَعْلَمُونَ ۝**<br>သို့ဖြစ်၍၊ ဤ ဆင့်ပြန်ချက်အား ငြင်းဆန်သူတို့ကို ငါအရှင်ထံ လွှဲအပ်လော့။ ငါသည် သူတို့အား မည်သည့် အရပ်မှ လာသည်ဟု မသိနိုင်ရာဖြင့် ဆုံးမတော်မူမည်။ |
| ၄၅။ | **وَأُمْلِي لَهُمْ إِنَّ كَيْدِي مَتِينٌ ۝**<br>ငါအရှင်သည် သူတို့အား ကြိုးလျှော့ပေးထား၏၊ ကေန်ပင် ငါ၏ ဗျူဟာသည် ခိုင်ခန့်တော်မူ၏။ |
| ၄၆။ | **أَمْ تَسْأَلُهُمْ أَجْرًا فَهُم مِّن مَّغْرَمٍ مُّثْقَلُونَ ۝**<br>သို့မဟုတ် သင်သည် သူတို့ထံမှ အကျိုးအမြတ် တောင်းခံသလော၊ သို့ဖြစ်၍ သူတို့မှာ ကြွေးတွင် ပိနေကြသလော။ |
| ၄၇။ | **أَمْ عِندَهُمُ الْغَيْبُ فَهُمْ يَكْتُبُونَ ۝**<br>သို့မဟုတ် သူတို့၌ မျက်ကွယ် အသိများရှိ၍၊ ၎င်းတို့ကို မှတ်တမ်းတင်နေကြသလော။ |

(၁၀၄၅) သုတ်တော် ၃၆ မှ ၄၀ ထိတွင် ကျမ်းမြတ်ကုရ်အံမှ မဟုတ်သော လူရေးကျမ်းများမှ ထုတ်နှုတ် ဓမ္မသတ် (ဖာ့တ်ဝါဟ်) ထုတ်မှုများသည် တရားမဝင်ကြောင်း ရှင်းလင်းစွာ တင်ပြထားပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၄၈။ | **فَاصْبِرْ لِحُكْمِ رَبِّكَ وَلَا تَكُن كَصَاحِبِ الْحُوتِ إِذْ نَادَى وَهُوَ مَكْظُومٌ۞**<br>သို့ဖြစ်၍၊ ကံကြမ္မာရှင်၏ အဆုံးအဖြတ်ကို သင် သည်းခံစောင့်ဆိုင်းလော့။ သင်သည် ငါးကြီး၏ အဖေါ်က သူသည် သောကဖိစီးနေစဉ် ဆုတောင်းသကဲ့သို့ မဖြစ်စေလင့်။[၁၀၄၆] |
| ၄၉။<br>☆<br>၃၇:၁၄၂ | **لَوْلَا أَن تَدَارَكَهُ نِعْمَةٌ مِّن رَّبِّهِ لَنُبِذَ بِالْعَرَاءِ وَهُوَ مَذْمُومٌ۞**<br>ကံကြမ္မာရှင်၏ ထံမှ ဂုဏ်ပေးခြင်း မခံစားရလျှင် သူသည် သဲသောင်ပြင်ပြင်၌ အပြစ်တင်ခံဘဝဖြင့် ပစ်ပယ်ထားခြင်းကို ခံရလတ္တံ့။☆ |
| ၅၀။ | **فَاجْتَبَاهُ رَبُّهُ فَجَعَلَهُ مِنَ الصَّالِحِينَ۞**<br>သို့သော် ကံကြမ္မာရှင်သည် သူ့အား ရွေးကောက်တော်မူ၍၊ သူ့အား ပြုပြင်ပြောင်းလဲသူတို့မှ ဖြစ်စေ၏။ |
| ၅၁။ | **وَإِن يَكَادُ الَّذِينَ كَفَرُوا لَيُزْلِقُونَكَ بِأَبْصَارِهِمْ لَمَّا سَمِعُوا الذِّكْرَ وَيَقُولُونَ إِنَّهُ لَمَجْنُونٌ۞**<br>ဖုံးကွယ်သော သူတို့သည် သတိပေးတရားတော်အား ကြားရသောအခါ၊ သူတို့၏ အကြည့်များဖြင့် သင့်အား စူးစူးဝါးဝါး ကြံစည်လျှက် "ဤသူသည် အရူးဖြစ်၏၊"ဟု ဆိုကြလတ္တံ့။ |
| ၅၂။<br>ကုရ်အံ | **وَمَا هُوَ إِلَّا ذِكْرٌ لِّلْعَالَمِينَ۞**<br>**၎င်း**သည် လောကခပ်သိမ်းအတွက် သတိပေးတရားတော်မှအပ အခြား မဟုတ်ချေ။ |

---

(၁၀၄၆) ဤနေရာ၌ ကိုယ်တော် ယူနွတ်စ်ကို ငါးကြီးဟု အဖေါ်ဟု ခေါ်ဆို သုံးစွဲထားပေသည်။ သူ၏ အကြောင်းကို ၃၇:၁၄၂ တွင် ကြည့်ပါ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com